

# အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်
# ၂၀၁၉ ခုနှစ် ( ဟေးဆေး ၃၁ နှစ် ) သင်တန်းသားခေါ်ယူခြင်း

## ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ ) သည် ၂၀၁၉ ခုနှစ် ဧပြီ လ မှ ဂျပန်စာသင်ယူလိုသည့်ဒုက္ခသည်များမှ လျှောက်လွှာကိုလက်ခံနေပါသည်။

### အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်နှင့်ပတ်သက်၍

လျှောက်ထားနိုင်သူ : ကွန်ဗင်ရှင်းဒုက္ခသည်အဖြစ်အသိအမှတ်ခံရသူနှင့် ၎င်းတို့ မိသားစု
( မိသားစု နေထိုင်ခွင့်ဗီဇာရှိသောဇနီး၊ခင်ပွန်း၊မိဘ၊အိမ်ထောင်မကျသေးသောကလေး)

နေရာ : အခြေချနေထိုင်မှုအထောက်အကူပြုစင်တာ ( တိုကျို မြို့ တွင်း )

အစီအစဉ် : ဂျပန်စာသင်ခြင်း ( ၅၇၂ ယူနစ် )၊လူနေမှုလမ်းညွှန်သင်ခြင်း ( ၁၂၀ ယူနစ် )အလုပ်အကိုင်မိတ်ဆက်ခြင်း
နေ့ လည်သင်တန်း ( ၆ လ ) ၂၀၁၉ ခုနှစ် ဧပြီ လ မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ လ
ည သင်တန်း ( ၁ နှစ် ) ၂၀၁၉ ခုနှစ် ဧပြီ လ မှ ၂၀၂၀ ခုနှစ် မတ် လ

သင်တန်းချိန် : နေ့ လည် ( တနင်္လာနေ့ မှ သောကြာနေ့ ၊ ၉ း ၃၀ မှ ၁၅ း ၅၀ )
ည ( တနင်္လာနေ့ မှ သောကြာနေ့ ၁၈ း ၃၀ မှ ၂၀ း ၅၅ )
( တဦးလျှင် ၁ ကြိမ်သာတက်ရောက်နိုင်ပါသည်။ )

အခြားသော ။ ။ စင်တာသို့ အဝေးမှလာရောက်သင်ကြားရန်အခက်အခဲရှိသူများအတွက်တည်းခိုမည့်အခန်းကို ငှားပေးနိုင်ပါသည်။( နေ့ လည်သင်တန်းတက်ရောက်မည့်သူများသာ)

※ သတိ

ဤအစီအစဉ်သည် ဂျပန်အစိုးရက လုပ်ဆောင်သည့်အစီအစဉ်ဖြစ်သည်။အစီအစဉ်၏ အချက်အလက်၊အချိန်ကာလ စသည်များမှာပြောင်းလဲမှုများရှိနိုင်ပါသည်။သင်တန်းတက်ရောက်ရန်အတွက်စစ်ဆေးမှုများရှိပါသည်။ လျှောက်ထားသော်လည်းဝင်ခွင့်မရသည့်အခါလည်းရှိပါသည်။



<လျှောက်ထားရန်

၁) ဖြစ်နိုင်ရင်အမြန်ဆုံးRHQသို့ လျှောက်လွှာပေးပို့ ရန်။
၂)၂၀၁၈ ခုနှစ် ၁၂ လ မှ ၂၀၁၉ ခုနှစ် ၁ လ အင်တာဗျူး၊ ကျန်းမာရေးစစ်ဆေးခြင်း
၃)၂၀၁၉ ခုနှစ် ၃ လ သင်တန်းတက်ရောက်ခွင့်ရှိ/ မရှိအကြောင်းကြားခြင်း
၄)၂၀၁၉ ခုနှစ် ၄ လ သင်တန်းဖွင့်လှစ်ခြင်း။






လျှောက်လွှာတင်သွင်းရန်၊စုံစမ်းမေးမြန်းရန် ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ ) စီမံခန့် ခွဲရေးဌာန

5-1-17 Minami Azabu Minato Ku Tokyo ,106-0047

Tel :03-3449-7013 Email gyomuka@rhq.gr.jp Web http://www.rhq.gr.jp




# ～ ဂျပန်ဘာသာ လေ့လာသင်ယူလိုသည့်ကွန်ဗင်းရှင်းဒုက္ခသည်များ ～
# ၂၀၁၉ ခုနှစ် အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်ရှင်းလင်းပွဲ



ဒုက္ခသည်ကူညီရေးဌာနချုပ် သည် ၂၀၁၉ ခုနှစ် ဧပြီလ မှစ၍ ဂျပန်ဘာသာ သင်ယူလိုသည့်ကွန်ဗင်ရှင်းဒုက္ခသည် အဖြစ်အသိအမှတ်ပြုခံရသူများနှင့်၎င်း၏မိသားစုများအတွက်၊ဂျပန်အစိုးရကလုပ်ဆောင်သည့် အခြေချနေထိုင်မှု အထောက်အကူပြုအစီအစဉ် ( ဂျပန်ဘာသာသင်ကြားမှု ၊ လူနေမှုလမ်းညွှန်သင်တန်း၊အလုပ်အကိုင်ရှာဖွေခြင်း ) ၏ရှင်းလင်းပွဲကိုကျင်းပါမည်ဖြစ်သောကြောင့်လာရောက်ကြပါရန်ဖိတ်ခေါ်အပ်ပါသည်။

( အင်္ဂလိပ်၊မြန်မာ၊ပြင်သစ် စကားပြန်ရှိပါသည်။)



အချိန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက် ( တနင်္ဂနွေနေ့ ) ၁၄ း ၀၀ မှ ၁၆ း၀၀ နာရီ

နေရာ ဒုက္ခသည်ကူညီရေးဌာနချုပ် (**RHQ**) ၃ ထပ် အစည်းအဝေးခန်း

( 5-1-27 Minami-Azabu Minato-Ku TOKYO )

လမ်းပန်းဆက်သွယ်ရေး Tokyo Metro   Hibiya Line   "HIROO" ဘူတာထွက်ပေါက် ၄

(မြေညီထပ်တွင် **Café des Près** ကော်ဖီဆိုင်ရှိပါသည်။)

အကြောင်းအရာ
၁) အခြေချနေထိုင်မှုအထော်အကူပြုအစီအစဉ်
၂) ဂျပန်ဘာသာသင်တန်းစမ်းသပ်ပို့ ချခြင်း
၃) သင်တန်းသားဟောင်းမှသင်တန်းအတွေ့ အကြုံပြောကြားခြင်း
၄) လျှောက်လွှာလက်ခံခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း

သတိ

အခြေချနေထိုင်မှုအထောက်အကူပြုအစီအစဉ်သည် ဂျပန်အစိုးရမှလုပ်ဆောင်သည့်လုပ်ငန်းဖြစ်ပါသည် အစီအစဉ်၏အကြောင်းအရာ၊ကာလစသည်များပြောင်းလဲမှုရှိနိုင်သည်။သင်တန်းတက်ရောက်မည့်သူများ အားစစ်ဆေးမှုများရှိသောကြောင့်လျှောက်လွှာတင်သွင်းသော်လည်းမတက်ရောက်နိုင်သူလည်းရှိပါသည်။

ရှင်းလင်းပွဲသို့ တက်ရောက်မည့်သူများသည် (၁) မှ (၃)ကိုအကြောင်းကြားပေးရန်။

(၁) နာမည် (၂) နားလည်သောဘာသာစကား (၃) ဖုန်းနံပါတ်


စီစဉ်သူ၊ဆက်သွယ်ရန်   ဒုက္ခသည်ကူညီရေးဌာနချုပ် ( **RHQ** ) စီမံခန့် ခွဲရေးဌာန

2nd Floor, 5-1-27 Minami-Azabu, Minato-ku, Tokyo **[TEL]** 03-3449-7013 / 0120-090-091
**[E-mail]** gyoumuka@rhq.gr.jp **[Website]** http://www.rhq.gr.jp


မြေပုံ



# ကွန်ဗင်ရှင်းဒုက္ခသည်နှင့်မိသားစုအတွက်
# ဂျပန်တွင်အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်

~ ဂျပန်ဘာသာလေ့လာသင်ကြားလိုသူ ၊ ဂျပန့် ဓလေ့ထုံးစံများကိုသိလိုသူ ၊
အလုပ်အကိုင်ရှာဖွေလိုသူ ဒုက္ခသည်နှင့်မိသားစုအတွက် ~

အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖေါင်ဒေးရှင်း
ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )

## နိဒါန်း

ဂျပန်အစိုးရသည် တရားရေးဝန်ကြီး မှ ကွန်ဗင်ရှင်းဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသူ နှင့် မိသားစုအတွက် အခြေချနေထိုင်ရေးအထောက်အကူပြုစင်တာတွင် ဂျပန်ဘာသာ ၊ လူမှုရေးလမ်းညွှန် ၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်းစသည့် အခြေချနေထိုင်ရေးထောက်ပံ့အစီအစဉ်ကိုအခမဲ့ဆောင်ရွက်ပေးနေပါသည်။

- အခြေခံဂျပန်ဘာသာ ၊ ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက် အထောက်အကူဖြစ်စေမည့်စနစ် ၊ ဓလေ့ထုံးစံများကို ဂျပန်ဘာသာစကားဖြင့်လေ့လာနိုင်ပါသည်။
- အလုပ်လုပ်ကိုင်သူများအတွက် အလုပ်အကိုင်မိတ်ဆက်ပေးပါမည်။
- နေအိမ်မှ စင်တာသို့ တက်ရောက်နိုင်ပါသည်။ အဝေးတွင်နေထိုင်သူများ အတွက် စင်တာအနီးတွင်အခမဲ့တည်းခိုနိုင်သည့်အခန်းကိုစီစဉ်ပေးနိုင်ပါသည်။
- စင်တာအထိအသွားအပြန်လမ်းစရိတ်ကိုထုတ်ပေးပါမည်။ ( နေအိမ်မှစင်တာ ၊ စင်တာမှနေအိမ်အသွားအပြန် ထိခိုက်မှုအတွက်အာမခံထားရှိပေးပါမည်။)
- သင်တန်းတက်ရောက်စဉ်အတွင်း နေထိုင်မှုစရိတ်ရရှိမည့်အပြင် ၊ သင်တန်းဆင်းလျှင်အခြေချနေထိုင်ရေးထောက်ပံ့ငွေ ( အခြေချရန်ပြင်ဆင်ခြင်းအတွက်ငွေ ) ကိုလက်ခံရရှိနိုင်ပါမည်။ ( စာမျက်နှာ ၃ တွင်ကြည့်ပါ )

## အစီအစဉ်အသေးစိတ်

### ဂျပန်ဘာသာသင်တန်း ၊ လူနေမှုလမ်းညွှန် ၊ အလုပ်အကိုင်မိတ်ဆက်

**၁ ၊ ဂျပန်ဘာသာသင်ကြားမှု ( ပို့ချချိန် ၅၇၂ နာရီ ၊ ၁ ချိန်= ၄၅ မိနစ် )**

- အခြေခံဂျပန်ဘာသာ ( ဖတ် ၊ ရေး ၊ နားထောင် ၊ စကားပြော ) စသည်တို့ ကိုသေချာစွာတက်မြောက်နိုင်ပါသည်။
- စားဝတ်နေထိုင်ရန်လိုအပ်သည့် ဂျပန်ဘာသာကိုလေ့လာသင်ယူနိုင်ပါသည်။



ဂျပန်ဘာသာသင်တန်း

**၂ ၊ လူနေမှုလမ်းညွှန် ( ပို့ချချိန် ၁၂၀ နာရီ ၊ ၁ ချိန် = ၄၅ မိနစ် )**

- ဂျပန်တွင်နေထိုင်အသက်မွေးရန်အတွက် အထောက်အကူဖြစ်စေမည့်စနစ်( ဆေးကုသမှု ၊ အာမခံ ၊ ပင်စင် ၊ အခွန် အစရှိသော ) ဓလေ့ထုံးတမ်းများကိုလေ့လာသင်ယူနိုင်ပါသည်။

  ＊ သင်တန်းတွင် ဂျပန်ဘာသာ နှင့် လူနေမှုလမ်းညွှန်ကိုတွဲဖက်သင်ကြားပါသည်။

**၃ ၊ အလုပ်အကိုင်မိတ်ဆက်ပေးခြင်း**

- အလုပ်အကိုင်လိုသူများအတွက် အလုပ်ရှာဖွေရန်ကူညီနိုင်ပါသည်။ ( မိမိလုပ်လိုသည့်အလုပ်ကို မတွေ့ နိုင်သည့်အခါလည်းရှိပါသည်။)
- အလုပ်အကိုင်ရှာဖွေရန်လိုအပ်သောလမ်းစရိတ်ကိုပေးပါမည်။
- အလုပ်ဝင်ရန်ရွေးချယ်လိုက်သောကုမ္ပဏီတွင်အလုပ်သင်စနစ်ကိုအသုံးပြုနိုင်ပါသည်။အလုပ်သင်ကာလမှာ ၁ လ မှ ၆ လ ဖြစ်ပါသည်။အလုပ်သင်ကာလအတွင်းနေထိုင်စရိတ်ကိုတချို့ကိုထောက်ပံ့ပေးပါမည်။



အလုပ်မိတ်ဆက်ပေးခြင်း

## သင်တန်းအမျိုးအစားနှင့်တက်မည့်အချိန်

- သင်တန်းချိန်စုစုပေါင်း ၆၉၂ နာရီ တွင် ဂျပန်ဘာသာ သင်တန်ချိန် ၅၇၂ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် ) နှင့် လူနေမှုလမ်းညွှန်သင်တန်းချိန် ၁၂၀ နာရီ ( သင်တန်း ၁ ချိန်= ၄၅ မိနစ် )
- ၆ လ သင်တန်း သို့ မဟုတ် ၁ နှစ် သင်တန်း ကိုရွေးနိုင်ပါသည်။
  ၆ လ သင်တန်း တနင်္လာနေ့ မှ သောကြာနေ့ ၉ နာရီ ၃၀ မိနစ် မှ ၁၅ နာရီ ၅၀ မိနစ် အထိ
  ( သင်တန်းအစီအစဉ်အရ အချိန်အပြောင်းအလဲရှိနိုင်သည်)
  ၁ နှစ် သင်တန်း တနင်္လာနေ့ မှ သောကြာနေ့ ၁၈ နာရီ ၃၀ မိနစ် မှ ၂၀ နာရီ ၅၅ မိနစ် အထိ
- သင်တန်းကာလ
  ၆ လ သင်တန်း ဧပြီ လ မှ စက်တင်ဘာ လ သို့ မဟုတ် အောက်တိုဘာ လ မှ နောက်နှစ် မတ် လ အထိ
  ၁ နှစ် သင်တန်း ဧပြီ လ မှ နောက်နှစ် မတ် လ အထိ

## သင်တန်းတက်ရောက်နိုင်သူ

တရားရေးဝန်ကြီး မှ ကွန်ဗင်ရှင်းဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသူ နှင့် မိသားစု ( ※၁ ) သို့ ရာတွင် ယခုချိန်အထိ နိုင်ငံတကာကူညီရေးစင်တာ ( ၂၀၀၆ ခုနှစ် မတ်လ တွင်ရပ်ဆိုင်း ) နှင့် RHQထောက်ပံ့ ရေးစင်တာ တို့ တွင်ဂျပန်ဘာသာစသည့်အခြေချနေထိုင်ရေးအထောက်အပံ့ကို သင်ယူပြီးသူများမပါဝင်ပါ။( ※၂ )

( ※၁ ) မိသားစု ဆိုသည်မှာ ဂျပန်နိုင်ငံတွင်နေထိုင်သည့် နိုင်ငံခြားသားဖြစ်ပြီး ၊ ကွန်ဗင်ရှင်းဒုက္ခသည်၏ မိသားစု အဖြစ် ဂျပန်တွင်နေထိုင်ခွင့်ရရှိထားသူကို ဆိုလိုပြီး ထိုသူများမှာ အိမ်ထောင်ဖက် ၊ မိဘ ၊ အိမ်ထောင်မကျ သေးသည့် သား/သမီး များသာ။

( ※၂ ) ကျန်းမာရေးအခြေအနေ ၊ ဂျပန်ဘာသာအရည်အချင်း တို့ ကိုကြည့်ပြီး သင်တန်းတက်ရောက်မည့်အချိန် စောင့်ဆိုင်းခြင်း ၊ သင်တန်းတက်ရောက်ခွင့်မရသည့်အချိန်မျိုးလည်းရှိပါသည်။



ရုံးခန်း



ကလေးများအခန်း



နားနေခန်း

## တည်းခိုဆောင်နှင့်လူနေမှုထောက်ပံ့ကြေး

**၁ ၊ တည်းခိုဆောင်**



တည်းခိုခန်းပုံစံ

- မိမိနေအိမ်မှသင်တန်းသို့ တက်ရောက်ရန်ဝေးကွာပြီးအခက်အခဲရှိသူများအတွက်အခမဲ့ တည်းခိုနိုင်သည့်အခန်းရှိပါသည်။ရက်ပေါင်း ၁၈၀ တည်းခိုနိုင်ပါသည်။
- ၆ လ သင်တန်းတက်ရောက်သူသာတည်းခိုနိုင်ပါသည်။
- မိသားစုနှင့်အတူတည်းခိုနိုင်ပါသည်။
- သင်တန်းပြီးလျှင်နေမည့်အိမ်ကို မိမိကိုယ်တိုင်ရှာဖွေရပါမည်။

**၂ ၊ လူနေမှုထောက်ပံ့ကြေးအစရှိသော**

အခြေချနေမှုထောက်ပံ့အစီအစဉ်သို့ တက်ရောက်နေစဉ်အတွင်းရရှိမည့်ထောက်ပံ့ကြေး

| | |
|---|---|
| နေထိုင်မှုစရိတ်<br>(စားဝတ်နေရေးအတွက်)<br>※အခြေအနေပေါ်မူတည်၍မရနိုင်သည့်သူရှိသည်။ | လူကြီး ( ၁၂ နှစ် အထက် ) ၁ ရက် ယန်း ၁၅၀၀<br>ကလေး ( ၁၂ နှစ် အောက် ) ၁ ရက် ယန်း ၇၅၀<br>※၁ နှစ်သင်တန်းတက်ရောက်သူမှာအထက်ပါနှုန်း၏တဝက်ကို ၁နှစ်လုံးရရှိပါမည်။ |
| လမ်းစရိတ်<br>( ရထား/ဘက်စ် ကား ခ)<br>※အခြေအနေပေါ်မူတည်၍မရနိုင်သည့်သူရှိသည်။ | မူအားဖြင့်နေအိမ်မှသင်တန်းကျောင်းအထိအနီးဆုံးလမ်းစရိတ် |
| ဆေးကုသစရိတ်<br>( ရောဂါ ၊ဒဏ်ရာ ရသည့်အခါ ) | သင်တန်းချိန်အတွင်းဖြစ်သည့် အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း ၊ သွားကိုက်ခြင်း ၊ မတော်တဆထိခိုက်ဒဏ်ရာရသည့်အခါ အရေးပေါ်ကုသ သည့်ဆေးကုသစရိတ်။နာတာရှည်ရောဂါ နှင့် တခြားရောဂါကြီးများ၏ဆေးကုသစရတ်ကိုမထောက်ပံ့နိုင်ပါ။ |
| အခြေချနေထိုင်မှုစရိတ်<br>( အခြေချနေထိုင်ရန်ပြင်ဆင်မှုအတွက် ) | လူကြီး ( ၁၆ နှစ်နှင့်အထက် ) ယန်း ၁၅၆၉၀၀<br>ကလေး ( ၁၅ နှစ်အထိ ) ယန်း ၇၈၄၅၀<br>※အခြေချနေထိုင်ရေးအထောက်အပံ့အစီအစဉ်ပြီးချိန်တွင် ၁ ကြိမ်သာ |

## နေထိုင်မှု ၊ ဂျပန်ဘာသာပညာရေး ၊ အလုပ်အကိုင် ၏ တိုင်ပင်ဆွေးနွေးခြင်း



လူနေမှု၊ ပညာရေး၊ အလုပ်အကိုင်အစရှိသော အခက်အခဲ၊ ဒုက္ခများကိုဆွေးနွေးတိုင်ပင်သည့် အတိုင်ပင်ခံဝန်ထမ်းက အခမဲ့ဆွေးနွေးတိုင်ပင်ပေးပါသည်။ ကိုယ်ရေးအချက်အလက်များအားမပေါက်ကြားစေရန် ထိန်းသိမ်းသွားပါမည်။ ထိုကြောင့်အားမနာဘဲဆက်သွယ်နိုင်ပါသည်။

- ဆက်သွယ်ရန် ၀၁၂၀-၀၉၀-၀၉၁ ( အခမဲ့ )
  ( တနင်္လာနေ့ မှ သောကြာနေ့ ၉း၃၀ မှ ၁၇း၀၀ )

ဂျပန် ၊ အင်္ဂလိပ် ၊ မြန်မာ ဘာသာများဖြင့်တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

အခြေချနေထိုင်မှုကူညီထောက်ပံ့ရေးအစီအစဉ်သည် ဂျပန်နိုင်ငံအစိုးရလုပ်ဆောင်နေသောလုပ်ငန်းဖြစ်သည်။


ဆက်သွယ်ရန် အာရှလူမှုဖူလုံရေးနှင့်ပညာရေးဖေါင်ဒေးရှင်း ဒုက္ခသည်ကူညီရေးဌာနချုပ် ( RHQ )

ဌာနချုပ်ရုံး 5-1-27 MINAMIAZABU,MINATO KU,TOKYO 106-0047 Tel 03-3449-7013 Fax 03-3449-7016

ကန်ဆိုင်ရုံးခွဲ 11F JR KOBE EKIMAE NK BLD 2-1-18 NAKAMACHI ST CHUO KU KOBE HYOGO KEN 650-002

Tel 078-361-1700 Fax 078-361-1323


（2016年7月作成）